ကရင်နီလူမှုအသင်းအဖွဲ့ကွန်ယက် ထုတ်ပြန်ချက်

၂၀၁၄ခုနှစ်၊ ဒီဇင်ဘာလ(၅) ရက်

**အစီရီခံစာအသစ် သုံးသပ်ခြင်း " ဘယ်မှာလဲ စစ်မှန်သည့် အပစ်အခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်"**

ကရင်နီလူမှုအသင်းအဖွဲ့မှ မြန်မာအစိုးရနှင့် ကရင်နီအမျိုးသားတိုးတက်ရေးပါတီတို့၏(၂)နှစ်ကျော်ကြာကာလ အတွင်း အပစ်အခတ်ရပ်စဲရေးနှင့် ပတ်သက်ပြီး ပြန်လည်သုံးသပ်ခြင်းအစီရင်ခံစာ "ဘယ်မှာလဲစစ်မှန်သည့် အပစ်ခတ်ရပ်စဲရေး နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်" တွင် IDPs များကို အစိုးရစစ်တပ်ထိန်းချုပ်ဒေသအတွင်းသို့ ပြန်လည်နေရာချထားရေးသည် ၎င်းတို့၏လုံခြုံရေးကိုအာမခံပေးနိုင်မည်မဟုတ်ပါ။

IDPs အတွက်လုံခြုံမှုအာမခံချက်မရှိသေးမီ နေရာပြန်လည်ချထားရေးအစီအစဉ်အစား အစိုးရမှ၎င်းတို့၏ ရှေ့တန်းတပ်စခန်းများကိုတိုင်းရင်းဒေသအတွင်းရုပ်သိမ်းပေးခြင်းနှင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှုအစီအစဉ်ကို အမြန်ဆုံး အကောင်အထည်ဖော်ရမည်။

အပစ်အခတ်ရပ်စဲရေးကာလအတွင်းတွင် လူသားခြင်းစာနာထောက်ထားမှု အကူအညီပေးသည့်နေရာတွင် နိုင်ငံတကာအဖွဲ့အစည်းများမှ အခြေခံ လူထုအခွင့်အရေးပြန်လည်ရရှိရန်အတွက်မြှင့်တင်အားပေးသောအကူအညီများ ပေးရမည့်အစားလူထုများမျှော်ကိုးအားထားစိတ်ကိုပိုပြီး ဖန်တီးပေးသော ကယ်ဆယ်ရေးလုပ်ငန်းနှင့် အကူအညီများကိုသာ ပေးနေကြပြီး လူထု၏ကိုယ်ထူကိုယ်ထစိတ်နှင့် ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့် ကိုလျစ်လျူရှုရန်ရောက်ပါသည်။

ကရင်နီလူမှုအသင်းအဖွဲ့ကွန်ယက်မှ MPSI ၏ IDPs ကိုလိုက်လံကူညီသည့် အစီရင်ခံစာထဲမှာ ကျန်းမာရေးကူညီစောင့်ရှောက်မှုနှင့် တခြားသော အကူအညီများကို ဂေဖန်သုံးသပ်ထားသည်။ MPSI မှဇွန်လ ၂၀၁၃ မှ စက်တင်ဘာ ၂၀၁၄အတွင်းတွင် ၁၉၉၆ ခုနှစ်အတွင်းအတင်းအဓမ္မပြောင်းရွှေ့ခံရသော IDPs ၁၃၄၁ဦးကို ရှားတောရှိ ကျေးရွာ ၁၀ ရွာတွင်းပြန်လည်နေရာချထားရာတွင်အကူအညီပေးသည်ဟုဆိုပါသည်။ ထို MPSI ၏ ကျန်းမာရေး စောင့်ရှောက်မှုသည် မြန်မာအစိုးရ၏ အစီအစဉ်အတိုင်းသာဖြစ်ပြီးကရင်နီလူမှုဂန်ဆောင်မှုအသင်းအဖွဲ့၏ကျန်မားရေးကူညီစောင့်ရှောက်မှုလုပ်ငန်းစဉ်များကို လျစ်လျူရှုထားသည်ဟုသုံးသပ်ပါသည်။

အစီရင်ခံစာတွင်လည်း အပစ်အခတ်ရပ်စဲရေးပြီးနောက် ကရင်နီပြည်အတွင်း သယံဇာတထုတ်ယူမှု၊ လယ်ယာမြေသိမ်းဆည်းမှု၊ စစ်တပ်တိုးချဲ့ခြင်း နှင့် သံလွင်မြစ်အတွင်းတည်ဆောက်မည့်ရေကာတာ စီမံကိန်းသည် ပွင့်လင်းမြင်သာမှု အားနည်းနေခြင်း စသည့်အချက်အလက်များကိုလည်းထည့်သွင်းအစီရင်ခံထားပါသည်၊ ထို့အပြင် KCSN မှ တစ်တိုင်းတစ်ပြည်လုံး အပစ်အခတ်ရပ်စဲရေး နှင့်နိုင်ငံရေးတွေ့ဆုံဆွေးနွေးမှု မှတဆင့် စစ်မှန်သော ငြိမ်းချမ်းရေး မပေါ်ပေါက်သ၍ အကြီးစားစီမံကိန်းလုပ်ငန်းများနှင့်နိုင်ငံတကာ ရင်နှီးမြုပ်နှံမှုများကိုရပ်ဆိုင်း ထားရမည်ဟု တောင်းဆိုထားပါသည်။

အစီရင်ခံစာအသေးစိတ်ကို www.ecdfburma.org တွင်တက်ရောက်ဖတ်ရှုနိုင်ပါသည်။

ဆက်သွယ်ရန် ကိုရယ် - ဖုန်း ၀၉၂၅၂၉-၀၇၉၀၈

သဲရယ် - ဖုန်း ၀၉၃-၆၀၇-၁၁၇၅ / မီရယ် - +၆၆-၈၁-၀၂၉-၉၅၇၀